**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၇/၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့သည် ကချင်ပြည်နယ်ရှိ အောက်ပါ တိုက်ပွဲရှောင်စခန်းများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်-

(က) ၂၁-၆-၂၀၁၈ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ လမ်းခွရွာရှိနှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း (ကေဘီစီ)၊ ရိုမန်ကက်သလစ်ခရစ်ယာန်ဘုရားကျောင်း(အာစီ)၊ ဇဝ်ဂေလိ ခရစ်ယာန်ဘုရားကျောင်း (အေဂျီ)နှင့် မိုးကောင်းမြို့ဦးရှိ တိုက်ပွဲရှောင်စခန်းများ၊ ကာမိုင်းမြို့နယ်ရှိ လဝါးနှင့် လိုင်နောင်းရိုမန်ကက်သလစ်ခရစ်ယာန် ဘုရားကျောင်း (အာစီ) တိုက်ပွဲရှောင်စခန်းများ၊

(ခ) ၂၂-၆-၂၀၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်ရှိ ဂျော်မဆပ်၊ တန်ဖရဲနှင့် တြီနီတီ တိုက်ပွဲရှောင်စခန်းများ၊ ဝိုင်းမော်မြို့နယ်ရှိ ဝိုင်းမော်ဇုန် နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းရှိ တိုက်ပွဲရှောင်စခန်း။

၂။ တိုက်ပွဲရှောင်ကျေးရွာသူကျေးရွာသားများသည် ၎င်းတို့ကျေးရွာအနီးသို့ လက်နက်ကြီးဖုံးများ ကျရောက်ပေါက်ကွဲသဖြင့် ၎င်းတို့အားထိမှန်မည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းနှင့်အချို့မှာ ၎င်းတို့၏ ကျေးရွာအနီးဝန်းကျင်တွင် နှစ်ဘက်လက်နက်ကိုင် အဖွဲ့အစည်းများ ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းတို့ကြောင့် တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း သိရှိရပါသည်။

၃။ တိုက်ပွဲရှောင် ကျေးရွာသူကျေးရွာသားများသည် ထွက်ပြေးလာသည့် လမ်းတလျှောက်တွင် ရိက္ခာနှင့် သောက်သုံးရေခက်ခဲခြင်း၊ ဖျားနာခြင်းနှင့် ဝမ်းလျှောခြင်းများအတွက် ဆေးဝါးမရှိခြင်း၊ အမိုးအကာပစ္စည်းလုံလောက်စွာမပါရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အာဟာရပြတ်၍ လမ်းမလျှောက်နိုင်တော့သဖြင့် ထမ်းပိုးသယ်ဆောင်ကြရခြင်း၊ ကိုယ်ဝန်ဆောင် မိခင်အချို့ တောတွင်း၌ မီးဖွားရခြင်း၊ အချို့မွေးကင်းစကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ရာသီဥတု ဆိုးရွားမှုကြောင့် သေဆုံးခဲ့ရခြင်းများ ကြုံတွေ့ခဲ့ကြရသည်ဟု သိရှိရပါသည်။

၄။ ထို့ပြင် ၎င်းတို့သည်တောတွင်း၌ပုန်းအောင်းနေစဉ် ရိက္ခာပြတ်လပ်သဖြင့် မူလကျေးရွာများသို့ပြန်၍ ရိက္ခာသွားယူကြသည့် ရွာသားများသည် ၎င်းတို့၏နေအိမ်များ ပျက်စီးခြင်း၊ အိမ်ထောင်ပရိဘောဂများနှင့် မိသားစုအသုံးအဆောင်ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်း၊ အိမ်မွေးတိရိစ္ဆာန်များ ပျောက်ဆုံးခြင်းများကိုတွေ့မြင်ခဲ့ကြရသည်ဟု ရွာသားများက ပြောကြားကြပါသည်။

၅။ ကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့က သွားရောက်လေ့လာခဲ့သော တိုက်ပွဲရှောင်စခန်းအများစုတွင် အောက်ပါ အခက်အခဲများကြုံတွေ့နေရကြောင်းသိရှိခဲ့ရပါသည်-

(က) ဆောက်လုပ် လှူဒါန်းထားသည့်ယာယီတဲများမှာ လူဦးရေနှင့် မမျှတသည့်ပြင် မိသားစုတစ်စုနှင့် တစ်စုအကြား အကာအရံလုံးဝမရှိသဖြင့် ရေရှည်တွင် မလိုလား အပ်သော လူမှုရေးပြဿနာများ၊ ကူးစက် ရောဂါများဖြစ်ပေါ်နိုင်ခြင်း၊

(ခ) သန့်ရှင်းသောသောက်ရေသန့်မရရှိခြင်းနှင့် ချိုးရေမသန့်ရှင်းခြင်း၊

(ဂ) မိသားစုလိုက် ချက်ပြုတ်စားသောက်ခွင့်ရရှိသော စခန်းများတွင် မီးဖိုနှင့်အိပ်ဆောင် များ အလွန်နီးကပ်နေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊

(ဃ) ဆောက်လုပ်ထားသည့် အိမ်သာနှင့် လူဦးရေလုံလောက်မျှတမှုမရှိခြင်း၊

(င) တိုက်ပွဲရှောင်စခန်းအချို့၌ မိုးရာသီကာလမိုးသည်းထန်ချိန်၌ အိပ်ဆောင် ကြမ်းပြင် များရေမြုပ်ခြင်း၊

(စ) တာဝန်ရှိသူများနှင့် စေတနာရှင်များကဆန်နှင့် ပဲကိုသာအဓိကထား၍ လှူဒါန်းကြ သဖြင့် ကျန်ဟင်းလျာများအတွက် ရန်ပုံငွေလိုအပ်ခြင်း၊

(ဆ) သားသမီးများ ကျောင်းထားရန် တာဝန်ရှိသူများက စီစဉ်ပေးထားသော်လည်း တိုက်ပွဲရှောင် ကျေးရွာသားများတွင် ငွေကြေးမရှိသဖြင့် အခြားလိုအပ်ချက်များ မဖြည့်ဆည်းနိုင်ခြင်း၊

(ဇ) အချို့ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းစသည့် အတန်းကြီးကျောင်းသားများအား မြို့ပေါ်ရှိ ဘော်ဒါဆောင်သို့ပို့၍ ဘော်ဒါခနှင့် ကျူရှင်ဖိုးများကိုယခင်က တောင်ယာစပါးနှင့် သီးနှံများရောင်းချခြင်း၊ ကျွဲ၊ နွားများရောင်းချခြင်းတို့မှ ရရှိသောငွေဖြင့် ဖြေရှင်းခဲ့ကြ သော်လည်း ယခုကဲ့သို့ တိုက်ပွဲရှောင်စခန်းရောက်ရှိနေချိန်တွင် ဝင်ငွေလုံးဝမရှိတော့ သဖြင့် သားသမီးများ၏ ပညာရေးအခက်အခဲများ ကြုံတွေ့နေကြရခြင်း၊

(ဈ) ကျေးရွာတွင် လက်ရှိမိုးရာသီစားသုံးရန် စုဆောင်းထားသည့် အရန်ဆန်နှင့် စပါးများ ပျက်စီးဆုံးရှုံးသွားသည့်အပြင် လာမည့်နှစ်အတွက် စပါးစိုက်ပျိုးမည့် ရာသီမှာလည်း ကျော်လွန်သွားပြီဖြစ်သဖြင့် ၂ နှစ်စာစားဝတ်နေရေး အခက်အခဲ ကြုံတွေ့နေခြင်း။

၆။ ကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့သည် တနိုင်းမြို့သို့ အချိန်ကန့်သတ်ချက်အရသွား ရောက်နိုင်ခြင်း မရှိသဖြင့် တနိုင်းမြို့မှ တိုက်ပွဲရှောင်စခန်းတာဝန်ရှိသူအချို့က မြစ်ကြီးနားမြို့သို့ လာရောက်၍ ကော်မရှင်အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး၊ တနိုင်းမြို့တွင် ကေဘီစီ၊ အာစီ၊ အေဂျီနှင့် ခရစ်ယာန် ဘုရားကျောင်း (စီအိုစီ) ဟူ၍စခန်း ၄ ခုရှိပြီးလူဦးရေ ၁၃၁၇ ဦးပါဝင်သည့် အိမ်ထောင်စုပေါင်း ၃၃၃ စု ရှိကြောင်း၊ ၎င်းစခန်းများအား တိုက်ပွဲရှောင်စခန်းအဖြစ် အသိအမှတ် ပြုခြင်း မခံရသဖြင့်နိုင်ငံတော်မှပေးသည့် အထောက်အပံ့များ မရရှိသည့်အပြင် စေတနာရှင် အလှူရှင်များ ထံမှ လှူဒါန်းမှုနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ မရရှိကြောင်း၊ ထို့ပြင်မြစ်ကြီးနားဒေသရှိ တိုက်ပွဲရှောင်စခန်းများကဲ့သို့ပင် ၎င်းတို့၏စခန်းများ၌ နေရာကြပ်တည်း

မှုနှင့် စားနပ်ရိက္ခာအခက်အခဲ၊ သားသမီးပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေ ရကြောင်းစသည်ဖြင့် ၎င်းတို့၏အခက်အခဲများကို တင်ပြကြပါသည်။

၇။ အထက်ပါတွေ့ရှိချက်များအရ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများ၏ လတ်တလော ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ထိုက်သင့် သည့် ထောက်ပံ့ကူညီမှုများထိရောက်စွာ ဖြည့်ဆည်းပေးသင့်သည့်အပြင် ပြည်တွင်းပြည်ပ စေတနာရှင်များထံမှလူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ၎င်းတို့ထံရောက်ရှိရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါသည်။

၈။ ယခုအခါတိုက်ပွဲများ ရပ်တန့်သွားပြီဖြစ်သော်လည်း တိုက်ပွဲရှောင် ပြည်သူများအနေဖြင့် ၎င်းတို့ ကျေးရွာများသို့ မပြန်ရဲကြကြောင်းတွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် ယင်းဒေသလုံခြုံရေးအတွက် တာဝန်ယူထားသည့် တပ်မတော်မှ တာဝန်ရှိသူများသည် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ နှင့်အတူ အဆိုပါ ကျေးရွာများသို့ သွားရောက်၍ ကျေးရွာသူကျေးရွာသားများ၏ လုံခြုံမှု၊ စိတ်ချယုံကြည်မှု ရရှိစေရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဒေသတွင်းလွတ်လပ်စွာသွားလာ နေထိုင်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ယခုကဲ့သို့ တိုက်ပွဲဖြစ်ရာဒေသမှ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများအပါအဝင် ကျေးလက်ပြည်သူများသည် အထက်ဖော်ပြပါ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်နေကြရခြင်းကြောင့် နိုင်ငံတော်က လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆောလျင်စွာ ဖော်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်